# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 10 May 2024 ၁၁၄၅၃


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့်စာပေအထိ ဖတ်ရှုရန်လို

## မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံးဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေး အခွင့်အလမ်းများဖော်ဆောင်ပေးရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး တို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ယနေ့ ဖတ်စရာ

**ဖွံ့ဖြိုးမှုဆီ အရောက်ချီသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း**



ဆောင်းပါး စာမျက်နှာ » ၈

**(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲ ရောင်းချနိုင်ခဲ့**



စာမျက်နှာ » ၉

ကြေးမုံ

# ပြည်သူများသက်ရှည်ကျန်းမာရေး အစားအသောက်လုံခြုံရေးဦးစားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကိုချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအားလုံး၏ ကျန်းမာရေးကို ရှေးရှုဆောင်ရွက်ရာတွင် မှန်ကန်သည့် စားသောက်နေထိုင်မှုပုံစံများသည် အရေးကြီးသောအချက်များဖြစ်သည်။

ပြည်သူများအနေဖြင့် နိစ္စဓူဝ လူမှုစီးပွားကိစ္စအဝဝတို့ကို ဆောင်ရွက်နေကြရာတွင် တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဦးစားမပေးနိုင်သဖြင့် ကျန်းမာသောဘဝများ ပိုင်ဆိုင်နိုင်ရေး အလှမ်းဝေးလျက်ရှိသည်။ အထူးသဖြင့် ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်မှုပုံစံများကိုပင် အလေးမထားနိုင်ဘဲ သင့်လျော်သလို စားသောက်နေထိုင်ကြရသဖြင့် မကူးစက်တတ်သောရောဂါအမျိုးမျိုးတို့ကို များသောအားဖြင့် ကြုံတွေ့နေကြရသည်။ ပြည်သူတို့နေ့စဉ်စားသောက်သော အစားအသောက်များတွင် ကျန်းမာရေးကို ထိခိုက်စေသောအခြေအနေများကို အထူးသတိပြုကြရမည်ဖြစ်သည်။

စားသောက်ကုန် ထုတ်လုပ်သူများအနေဖြင့် ပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် နေ့စဉ်ဖြည့်ဆည်းပေးလျက်ရှိရာတွင် မိမိတို့အကျိုးစီးပွားအတွက် စားသုံးသူများအပေါ် မေ့လျော့၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ အစားအသောက်များတွင် အန္တရာယ်ရှိနိုင်သော စားသောက်ကုန်များ ထုတ်လုပ်မိတတ်ကြပေသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းစေသော အစားအသောက်များ စားသောက်နိုင်စေရန်အတွက် စားသောက်ကုန်များကို ဈေးကွက်သို့ မတင်ပို့မီ စစ်ဆေးခြင်း၊ ဈေးကွက်သို့တင်ပို့ပြီးနောက် ဈေးကွက်တွင် ထောက်လှမ်းစစ်ဆေးခြင်း စသည့် ပြည်သူများစားသုံးသည့်အစားအသောက်များတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများကို စဉ်ဆက်မပြတ်ကြိုတင်စစ်ဆေး စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်မှုအခြေအနေများကို စားသုံးသူများနှင့် ထုတ်လုပ်ရောင်းချကြသော လုပ်ငန်းရှင်များ သတိပြုမိကြဖို့လိုသည်။

စားသုံးသူများအနေဖြင့် မိမိတို့ဝယ်ယူသုံးစွဲကြသော စားသောက်ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရန်အတွက် "အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်"ကို မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂) ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ ထို့အပြင် စားသောက်ကုန်များ၏ အမှတ်တံဆိပ်များပေါ်တွင် စားသောက်ကုန်သတ်မှတ်နံပါတ် (အစားအသောက်ထုတ်လုပ်ထားမှုကုတ်နံပါတ်)များ ဖော်ပြနိုင်ရေးအတွက် စားသောက်ကုန်မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ဈေးကွက်အတွင်း အသင့်ထုပ်ပိုးထားသော အစားအသောက်များအားလုံးကို စားသောက်ကုန်မှတ်တမ်းတင်ခြင်း လျှောက်ထားဆောင်ရွက်ခြင်းအားဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်မည့် စားသောက်ကုန်သတ်မှတ်နံပါတ်တစ်ခု သတ်သတ်မှတ်မှတ် ရရှိသွားမည်ဖြစ်သည်။ အဆိုပါသတ်မှတ်နံပါတ်ကို စားသောက်ကုန်ပစ္စည်းပေါ်တွင် အမှတ်တံဆိပ်ဖော်ပြခြင်းအားဖြင့် တရားဝင်အသိအမှတ်ပြုထားသော စားသောက်ကုန်ပစ္စည်းအဖြစ် အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။ စားသုံးသူများအနေဖြင့် အဆိုပါစားသောက်ကုန်အမှတ်တံဆိပ်ပေါ်ရှိ သတ်မှတ်နံပါတ်ကို အလွယ်တကူတွေ့မြင်နိုင်သောကြောင့် ဝယ်ယူသည့် အစားအသောက်အခြေအနေများကို စိစစ်သိရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များအဖြစ် စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ပေသည်။

စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်သောကုန်ပစ္စည်းများပေါ်တွင် စားသောက်ကုန်သတ်မှတ်နံပါတ်များပါရှိသည့်အတွက် မိမိထုတ်ကုန်များကို စားသုံးသူများ ယုံကြည်စိတ်ချမှုရှိစွာဖြင့် မှန်ကန်စွာဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ဂုဏ်သတင်းမြှင့်တင်နိုင်ခြင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်သောအခါ ပိုမိုအဆင်ပြေလွယ်ကူစေခြင်း၊ အဆင့်ဆင့်သော အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများအနေဖြင့် အသင့်ထုပ်ပိုးရောင်းချနေသော အစားအသောက်များ၏ ဘေးအန္တရာယ်ဖြစ်မှုကို နောက်ကြောင်းပြန်ခြေရာခံနိုင်ခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိလျှင်လည်း လျင်မြန်စွာအရေးယူဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ ဝယ်ယူစားသုံးသော အစားအသောက်များ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စားသောက်ကုန်ပစ္စည်းများ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများရော စားသုံးသူပြည်သူများပါ အလေးထားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် လုံခြုံစိတ်ချအာမခံချက်ရှိသော ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်ပြီး စားသုံးသူပြည်သူများ အသက်ရှည်ကျန်းမာ၍ ရောဂါဘယများ ကင်းဝေးမည်ဖြစ်ပါကြောင်း။ ။


## ပညာရေးဝန်ကြီးဌာန

ပညာ

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ်

### "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃)ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ


## ပညာရေးဝန်ကြီးဌာန

## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"

## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၇၀၀ | ၁,၉၆၂ | ၁၇,၀၅၉,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁,၇၈၇ | ၅,၁၅၄,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၀၉ | ၈၆၁,၁၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၇၉ | ၁၂၂,၄၅၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁၄၄ | ၂၃၇,၆၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃ | ၁၃,၈၀၀ |
| MAEX | ၂,၀၅၀ | ၂,၁၀၀ | ၇ | ၁၄,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေး အလှူငွေများကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

❖ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်မောင်မယ်များ၊ လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီမောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသားကျောင်းသူများ၏ "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

- **မိမိတို့နိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့် ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်**
- **ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝရန်လိုအပ်၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ပညာနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းကြောင့် ပညာဗဟုသုတပြည့်စုံကြွယ်ဝရေး အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်များ၏ လုပ်ငန်းရပ်များ ပိုမိုတိုးတက်လာစေရန် ဧပြီလမှစတင်၍ လှူဒါန်းဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ အခမ်းအနားသည် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုကို လိုလား**

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ ယခင်က စာတတ်မြောက်ရေးလှုပ်ရှားမှုရုပ်ရှင်ဖြစ်သည့် "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" ရုပ်ရှင်ကား၌ "အ" သုံးလုံးလှုပ်ရှားမှု မှတ်တမ်းတွင် သင်ယူသူများအနေဖြင့် စာတတ်မြောက်ရန်အတွက် စိတ်အားထက်သန်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ စာပေတတ်မြောက်မှုမရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှု စာရင်းများအရ စာတတ်မြောက်မှု ရာခိုင်နှုန်းအရ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်မှုရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဖန်တီးပေးရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက် အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့် ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင် တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ မွေးထုတ်ပေးရန် လိုကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ပညာတတ်ပေါ်ကြွယ်ဝသည့် နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုအနေဖြင့်သာ ဖြေရှင်းဆောင်ရွက်နိုင်ကြသော်လည်း ပညာတတ်နည်းပါးသည့်နိုင်ငံများတွင် ပဋိပက္ခများ ဖြစ်ပေါ်နေမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝစေရေး အတွက် လူတိုင်း စာတတ်မြောက်ရေးကို ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ပညာတတ်များပေါ်ကြွယ်ဝရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေ အားပေးမြှင့်တင်ရန် လိုအပ်သောကြောင့် **စာမျက်နှာ ၄ သို့ »»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်) မှ ကျောင်းသား ကျောင်းသူများ၏ "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု" များကို ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပညာရေး အခြေအနေဖြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ပင် တန်းစဉ်ကူးပြောင်းမှုများသည် နှစ်စဉ်လျော့နည်းခဲ့သည်ကို အချက်အလက်များအရ သိရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများသည် လျော့နည်းခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းခြင်းသည် နိုင်ငံအတွင်း ပညာတတ် ပေါကြွယ်ဝခြင်းကို ထိခိုက်စေလျက်ရှိသဖြင့် တန်းစဉ်ကူးပြောင်းမှု မြှင့်မားရေးကို အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် မပါဝင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်း အသိပညာ၊ အတတ်ပညာများ လေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဗိုလ်ချုပ်ကြီးညိုစော စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**ရွေးချယ်ဖတ်ရှုလေ့လာ**

စာဖတ်ရှိန် မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည် ဖြစ်သော်လည်း အဆိပ်အတောက်သတင်း အချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန် လိုကြောင်း၊ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကို အကျိုးပြုနိုင်ကြောင်း၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကို လည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ ကျေးလက်နေ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် အမှန်တကယ်အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ထားရှိနိုင်ရေးအတွက်လည်း တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း။

စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့် စာပေအထိ ဖတ်ရှုရန် လိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတို့မှ သုတ၊ ရသ စာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ အားလုံး၏ လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့် အသိပညာဒါနအလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာ အထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

**တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့**

မိမိတို့ စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည် ဖော်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ် တည်ဆောက်နိုင်ရေး အတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန် လိုကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် တာဝန်ရှိသူများ အားလုံးက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု" များကို အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလှုပ်ရှားမှုတွင် ပြည်သူလူထု တစ်ရပ်လုံး ပါဝင်လာနိုင်ရေး အတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»»

- ❖ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စံပြုထိုက်သည့်မြို့တော်တစ်ခုဖြစ်ရန်လို
- ❖ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထား ဆောင်ရွက်ကြစေလို
- ❖ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို အားပေး ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

»»» **စာမျက်နှာ ၄ မှ**

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် အလှူရှင်များက စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧပြီ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လက်ခံရရှိခဲ့သည့် အလှူငွေကျပ် ၁၀၂၇၆၂၄၃၈၀၀၊ စာအုပ်စာစောင်ပေါင်း ၈၅၅၄၀ ကို ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးသို့ ပြန်လည်ခွဲဝေပေးအပ်မည့်အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ စာကြည့်တိုက် ၄၆ တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၃၀၀ နှင့် စာကြည့်တိုက် ၂၇ တိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၄၀၅၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၃၅၀ နှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၆၇၇၈၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာကြည့်တိုက်လေးတိုက်ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန် အတွက် ငွေကျပ်သိန်း ၂၀၀ နှင့် စာကြည့်တိုက်သုံးတိုက် အသစ်တည်ဆောက် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ နှင့် ပြည်သူများ စာပေဖတ်ရှု လေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၃၀၀၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

**ဟောပြောဆွေးနွေး**

ဆက်လက်၍ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"အဖြစ် ၁၉၇၄ ခုနှစ် တက္ကသိုလ်ပထမနှစ် လူရည်ချွန်ဟောင်းတစ်ဦးဖြစ်သည့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အငြိမ်းစား၊ အမျိုးသားစာပေဆု၊ ဆရာဝန်တင်ရွှေဆု၊ စာပေဗိမာန်စာမူဆုရှင် စာရေးဆရာ ဆရာကြီး ဒေါက်တာမောင်သင်း က **"စာပေတန်ဆောင် လူသားအလင်းရောင်"** ခေါင်းစဉ်ဖြင့် စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ "ဘက်စုံပညာရည် တို့လှမ်းချီ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

**သိန်းပေါင်း ၂၂၀၅၀**

ယနေ့တွင် ကျင်းပပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းမှု စုစုပေါင်းအနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင် စုစုပေါင်း ၇၀၇၈၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲကာလရှည် ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ပညာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍများအပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုတို့ဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း) ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၉**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ဂဟေဆက်မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချနေမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး အစီအစဉ်များကို လျာထားချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

စစ်ဆေးစဉ် သင်တန်းကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ရှိဖွင့်လှစ်နေသော လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်း၊ ဂဟေဆက်သင်တန်း၊ လေအေးပေးစက် သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် ကြွေပြားကပ်သင်တန်း စသည့် သင်တန်းငါးမျိုးနှင့် ဟိုတယ်နှင့် စားသောက်ဆိုင် ဝန်ဆောင်မှုဆိုင်ရာသင်တန်း အပါအဝင် သင်တန်းအမျိုးအစား ခြောက်မျိုးအတွက် သင်တန်းသား ၅၀၀ ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်အား (၁၂)ကြိမ်ဖြင့် ဖြေဆိုသူ လုပ်သား ၃၀၈ ဦးကို စစ်ဆေးပေးရန် လျာထားကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လူငယ်များအတွက် ကျွမ်းကျင်လုပ်သားများအဖြစ် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်နိုင်စေရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်ယူမှုအခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိစေရန် တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်းပြီး သင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားရန်၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များ အောင်မြင်စေရေး အလေးထား ဆောင်ရွက်ရန်၊ နည်းပြ ဆရာများအနေဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာကြရန်နှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ရေး၊ နည်းပြများ အရည်အသွေး တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ထန်းတပင်မြို့နယ်၌ လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး



**ထန်းတပင် မေ ၉**

အလုပ်သမား ဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေး ဆွေးနွေးခြင်းကို မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ Sanyuan Oversea Two (Myanmar) အထည်ချုပ်စက်ရုံ၊ Xin He Myanmar Packing Material စက္ကူပုံးစက်ရုံနှင့် Teng Hui (Myanmar) Knitted Wear သိုးမွှေးထိုးစက်ရုံတို့၌ ပြုလုပ်သည်။

အသိပညာပေး ဆွေးနွေးရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (လှိုင်သာယာစက်မှုဇုန်)မှ ဦးစီးအရာရှိဦးဝင်းသူနှင့် မှော်ဘီမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးသူတို့က အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်

**သထုံ မေ ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်ကာလ လူငယ်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာသန်းဦးက အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြခြောက်ဦးတို့က အသက်အုပ်စုအလိုက်သိရှိရမည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ရာသီအလိုက်ဖြစ်တတ်သော ရောဂါများ၊ ကျောင်းသားအရွယ်တွင် အဖြစ်များသော ရောဂါများနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ စသည့်ကျန်းမာရေးဆိုင်ရာ အသိပညာများကို သင်ကြားပေးခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ ၁၇၉ ဦးတို့အား မေ ၂ ရက်မှ စတင်ကာ တစ်လကြာ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ပဲခူး မေ ၉

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သရုပ်ပြ တီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အုတ်တွင်းမြို့နယ်အသင်းနှင့် ထန်းတပင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၉ ရက်မှ ၁၃ ရက်အထိ အုပ်စု ရှစ်အုပ်စုခွဲ၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်းတို့က အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း ဆောင်ရွက်



နေပြည်တော် မေ ၉

ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဖြူးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၆ ခုမှ ပြည်သူ ၂၈၀၊ အုတ်တွင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၁ ခုမှ ပြည်သူ ၂၆၇ ဦး စုစုပေါင်း ၅၄၇ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေး လေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

စမ်းသပ် မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၏ နှစ် ၁၀၀ ကျော်မှ ရှားပါးမှတ်တမ်းဓာတ်ပုံများ လာရောက်လှူဒါန်း

တောင်ငူ မေ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ ကြည့်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ တောင်ငူမြို့ ရခိုင်စုရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဒေါက်တာမြသောင်း (အငြိမ်းစားဆေးရုံအုပ်ကြီး မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်မြို့) က နှစ် ၁၀၀ ကျော်မှ တောင်ငူမြို့၏ ရှားပါးမှတ်တမ်းဓာတ်ပုံ စုစုပေါင်း ၃၀ အား လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါမှတ်တမ်းဓာတ်ပုံများသည် ၁၈၆၄ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း တောင်ငူမြို့၏ ရှားပါးမှတ်တမ်းဓာတ်ပုံများကို စုဆောင်းရရှိထားခြင်းဖြစ်ပြီး ကေတုမတီမြို့တည် နန်းတည် နှစ် (၅၀၀) ပြည့်ပွဲတော်များတွင် ပြသခဲ့သောမှတ်တမ်းဓာတ်ပုံများဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# သထုံမြို့နယ် ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများ လိုက်လံဆောင်ရွက်

သထုံ မေ ၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ကြသည်။

မိုဘိုင်းစာကြည့်တိုက်ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

သထုံမြို့နယ်အတွင်း စာဖတ်ရှိန်မြင့်မားရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၌ အပတ်စဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းလှမြို့၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ



မင်းလှ မေ ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်းမှူး ဒေါ်နွယ်နီဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ မင်းလှမြို့နယ်အတွင်း လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်က တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၉

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဖွံ့ဖြိုးမှုဆီ အရောက်ချီသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း

**ဘော်နင်းရွာသစ် ကျေးရွာကလေးသည် နေ့အလင်းရောင်ကွယ်သည်နှင့် အမှောင်ထုကြား ငြိမ်သက်တိတ်ဆိတ်သွားသည့် ကျေးရွာလေး မဟုတ်တော့ပေ။ ညအတွက် လျှပ်စစ်မီး ထိန်ထိန်ညီးကာ အလင်းဆက်နိုင်ခဲ့ပြီ။ ရွာ၏ သာရေး၊ နာရေး၊ လူမှုစီးပွားအရေးကိစ္စများကို ညအချိန်အထိ လှုပ်ရှားဆောင်ရွက်နိုင်ပြီဖြစ်သည်။ မီး သာမက ရေလည်းရ၊ လမ်းလည်းကောင်း၊ စာသင်ကျောင်းလည်းရှိ၊ ဘက်စုံသုံးခန်းမလည်းရှိသည့် ခေတ်မီကျေးရွာတစ်ခုအဖြစ် ပြောင်းလဲခဲ့ပေပြီ။ ထို့ပြင် ကျေးရွာပြည်သူများသည် ရေမီတာ၊ လျှပ်စစ်မီးမီတာ စသည်တို့ကို Mobile Payment နှင့် Digital Payment စနစ်များဖြင့် ပေးဆောင်နိုင်နေပြီဖြစ်သည်။**

**ဇာနည်(ကျေးလက်)**



တန့်ယန်းမြို့နယ် နန့်ဟူးလွယ်ကာကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းထားမှုကို တွေ့ရစဉ်။

"ကိုယ့်ရပ်ကိုယ့်ရွာ ဒီလို ခေတ်မီ တိုးတက်လာတာ၊ ပြည့်စုံလာတာ သဘောကျတာပေါ့။ မြို့နဲ့ ရွာနဲ့ မခြားတော့ဘူးလေ။ ကျေးရွာတိုင်းကို ခေတ်မီစံပြကျေးရွာတွေ ဖြစ်လာစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာသူကျေးရွာသားတွေရဲ့ လူနေမှုစနစ် မြင့်လာစေတယ်၊ နည်းပညာနဲ့လည်း မဝေးတော့ဘူး။ ကျန်းမာရေးအတွက် သောက်သုံးမယ့် ရေချိုရေသန့်စနစ်၊ ရွာရဲ့ အမှိုက်စနစ် ဒါတွေကိုပါ စနစ်ကျစေတယ်" ဟု ကလောမြို့နယ် ဘော်နင်းရွာသစ်ကျေးရွာမှ ကော်မတီဥက္ကဋ္ဌကပြောသည်။

**ခေတ်မီစံပြကျေးရွာများ ဖြစ်လာ**

တိုးချဲ့ ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၄၅ ရွာနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၄၃ ရွာ အပါအဝင် ကျေးရွာပေါင်း ၈၈ ရွာကို ခေတ်မီစံပြကျေးရွာများ ဖြစ်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဖော်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ ဒီစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ကျေးရွာ ၄၃ ရွာ စပြီးဆောင်ရွက်ခဲ့တယ်။ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ကျေးရွာ ၄၅ ရွာကို တိုးချဲ့ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုမှာ အကောင်အထည်ဖော်နေတဲ့ ကျေးရွာပေါင်း ၈၈ ရွာ ရှိနေပါပြီ။ ကျေးရွာတွေရဲ့ ဖွံ့ဖြိုးမှုကို စနစ်တကျ ဆောင်ရွက်ပေးတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ကျေးရွာတွေရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်း၊ မီး၊ ရေ အပါအဝင် ဖွံ့ဖြိုးမှု ကဏ္ဍခြောက်ခုကို အခြေခံထားပါတယ်။ စီမံကိန်း ကာလက စတင်ဆောင်ရွက်တဲ့ ဘဏ္ဍာနှစ်ကနေ ငါးနှစ်အထိ ဖြစ်ပါတယ်" ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) စီမံကိန်း ဖော်ဆောင်နေသည့် ကျေးရွာများတွင် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှု ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားမြင့်မားရေး၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့်နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ကဏ္ဍ ခြောက်ခုကို ဦးတည်ကာ ဖွံ့ဖြိုးမှုရရှိလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကြိုးပမ်းဖော် ဆောင်လျက်ရှိသည်။

**ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၂၄၈၃ ခုကို ဆောင်ရွက်နိုင်ခဲ့**

ယင်းကဏ္ဍ ခြောက်ခုကို အခြေခံ၍ ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) စီမံကိန်း ဆောင်ရွက်သည့် ကျေးရွာ ၈၈ ရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၂၄၈၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။ လုပ်ငန်းရပ်များတွင် ကျေးလက်လမ်းတံတား ၃၂၄ခု၊ ကျေးလက်ရေရရှိရေး ၁၄၈ ခု၊ ကျေးလက်မီးလင်းရေး ၁၈ ခု စသည့် လုပ်ငန်းများအပြင် ကျေးရွာစာကြည့်တိုက် ၁၅ ခု၊ ဘက်စုံသုံးခန်းမ ၃၁ ခု၊ ပညာရေးဆိုင်ရာ ၂၀၊ IT နည်းပညာ အသုံးချနိုင်ရေး ထူထောင်ခြင်း ၅၀ နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ပါဝင်သည်။

ထို့အတူ စိုက်ပျိုးရေးသွင်းအားစု ထောက်ပံ့ခြင်း၊ မွေးမြူရေးသွင်းအားစု ထောက်ပံ့ခြင်း၊ ပစ္စည်းသွင်းအားစု ထောက်ပံ့ခြင်း၊ ငွေကြေးသွင်းအားစု ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အသိပညာပေးလုပ်ငန်းများကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

အလားတူ အသက်မွေးဝမ်းကျောင်းသင်တန်း၊ ကျေးလက်စီးပွားမြင့်မားရေး (RBF) လုပ်ငန်း၊ စိုက်ပျိုးရေးသင်တန်း၊ မွေးမြူရေးသင်တန်း စသည်ဖြင့် အထောက်အကူပြု သင်တန်းများစွာကို ဖွင့်လှစ်ပေးကာ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားမြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးရွာများတွင် အသိပညာပေး၊ နည်းပညာပေး လုပ်ငန်းများကိုလည်း တစ်ပါတည်း ဖော်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့ရွာက အရင်က နွေရာသီဆို လူအတွက်၊ နွား၊ ကျွဲတွေအတွက် သောက်ဖို့၊ သုံးဖို့ ပူနေရပါပြီ။ ရေရှားပြီး လျှပ်စစ်မီးမရလို့ စိုစိုပြည်ပြည် မရှိတဲ့ ကျွန်တော်တို့ကျေးရွာကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းက အသွင်ပြောင်းလဲပေးပါတယ်။ အခုတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ ဆောင်ရွက်ပေးလို့ ရေ၊ မီး မပူရတော့ဘူး။ စီမံကိန်းထဲ ပါဝင်တာဖြစ်လို့ ကျေးရွာအတွက် လိုအပ်တဲ့သွင်းအားစု အကူအညီ၊ နည်းပညာ အကူအညီ ရဦးမယ်လို့ သိရပါတယ်။ ဒီလိုစီမံကိန်းတွေက ကျေးရွာတွေ မြန်မြန်ဖွံ့ဖြိုးမှုရစေတာမို့ တိုးလုပ်နိုင်လေ ကောင်းလေပါပဲ" ဟု မင်းဘူးမြို့နယ် တောင်မန်းကျေးရွာမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်**

မိသားစုဘဝ သာယာလှပရန်အတွက် ဝင်ငွေတိုးပွားရေးသည်လည်း အရေးကြီးသည်ဖြစ်ရာ စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများထောက်ပံ့ခြင်း၊ ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ စီမံကိန်းမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေအစီအစဉ်ဖြင့် ငွေကျပ်သိန်း ၄၄၇၀ မတည်ပေးထားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အထည်ချုပ်၊ ရက်ကန်း၊ ဆန်စက်၊ ရော်ဘာပြားထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

"ကျွန်မတို့ရွာမှာ မနှစ်ကစပြီး ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ဆောင်ရွက်ခွင့်ရခဲ့တယ်။ စီမံကိန်းက မတည်ပေးတဲ့ လည်ပတ်ရန်ပုံငွေနဲ့ အစုအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပြီး ပဲတီစိမ်းနဲ့ မတ်ပဲကေ ၅၀ တိုးချဲ့စိုက်ပျိုးခဲ့ရာ ငွေကျပ်သိန်း ၆၀၀ အကျိုးအမြတ် ရရှိခဲ့ပါတယ်" ဟု အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာမှ အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ဒါ့အပြင် စီမံကိန်းမှ ကောက်ယူခဲ့သည့် စစ်တမ်းအရ ယခင်နှစ်ကထက် ကျပ် ၁၀ သိန်း အထက်တိုးပွား လာသော အိမ်ထောင်စု ၉၅ စု၊ ကျပ်သိန်း ၅၀ မှ ၁၀၀ ကြား တိုးပွားလာသော အိမ်ထောင်စု ၂၂၈ စု၊ ကျပ်သိန်း ၂၀ မှ ၅၀ ကြား တိုးပွားလာသော အိမ်ထောင်စု ၈၄၇ စုနှင့် ကျပ်သိန်း ၂၀ အောက် တိုးပွားလာသော အိမ်ထောင်စု ၅၂၆၄ စု ရှိကြောင်း သိရသည်။

စာမျက်နှာ ၉ သို့ ❖



မကွေးမြို့နယ် သံဘိုသစ်ကျေးရွာ ဘက်စုံသုံးခန်းမကို တွေ့ရစဉ်။

**"ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း၏ ဖွံ့ဖြိုးမှုသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ ကျေးရွာ ၈၈ ရွာမှ အိမ်ထောင်စု ၂၄၇၂၆ စုနှင့် လူဦးရေ ၁၁၀၀၄၇ ဦးကို အကျိုးပြုလျက်ရှိသည်။ စီမံကိန်းလုပ်ငန်းများမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းတို့ကို ခံစားရစေမည်ဖြစ်သည့်အပြင် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်"**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် မေ ၉

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁၉၀၁) မှ (၂၇၅၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြည်တွင်းရတနာကုန်သည်များကိုသာ ရောင်းချပေးမည့် အုပ်စု (C)မှ ကျောက်စိမ်းအတွဲအမှတ်(၂၇၅၁) မှ (၃၇၅၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ပြပွဲ အဋ္ဌမနေ့တွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲနဝမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက် မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ၊ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲနှင့် သတ္တမနေ့တွင်



ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်



လှည်းကူး မေ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယမန်နေ့က ပိုက်ကြီးဝဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည်းကူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နီခင်၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းကြည်တို့က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်သူ ၄၄ ဦးနှင့် အိမ်ထောင်စုစာရင်း ဆောင်ရွက်သူ အိမ်ထောင်စု ၂၀ တို့အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

✤

# ဒိုက်ဦးမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ကလေးများအား ကာကွယ်ဆေးထိုးနှံ

ဒိုက်ဦး မေ ၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၄ ခုနှစ် အထိမ်းအမှတ် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးအေးက ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ဆောင်ပုဒ်ဖြစ်သည့် "ကလေးများ အနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဆောင်ပုဒ်နှင့်အညီ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုကို လျှော့ချပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းဖြင့် ကလေးများ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များက အသက်နှစ်နှစ်အောက်ကလေးငယ်များအားပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၉

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

❖ စာမျက်နှာ ၈ မှ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) စီမံကိန်းကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုရှိ ကျေးရွာ ၄၀ တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်**

ခေတ်မီစံပြကျေးရွာထူထောင်ရေး (Smart Village) စီမံကိန်းသည် ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး နေချင်စဖွယ် စံပြကျေးရွာများဖြစ်ပေါ်လာစေရန် ကျေးရွာသူ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင် ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန် ရည်ရွယ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်တို့အတွက် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်ကို ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ယင်းစနစ်တွင် ကျေးရွာလူထုက မကျေနပ်ချက်များ၊ အကြံပြုချက်များရှိခဲ့ပါက အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊ တယ်လီဖုန်း၊ စာဖြင့် E-mail Social Medial တို့မှတစ်ဆင့် အကြံပြုတိုင်ကြားနိုင်ရန် စီစဉ်ထားရှိပြီး စီမံကိန်းဆောင်ရွက်သည့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့်ရှိ ဆက်သွယ်ရမည့် အမည်၊ ဖုန်းနံပါတ်များကို ဆောင်ရွက်မည့် စီမံကိန်းကျေးရွာအဆင့်အထိ အသိပေးဖော်ပြထားသည်။



ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာ၌ ကျေးရွာဈေးတည်ဆောက်ထားမှုကို တွေ့ရစဉ်။

သို့ဖြစ်ရာ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၏ ဖွံ့ဖြိုးမှုသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခု၊ ကျေးရွာ ၈၈ ရွာမှ အိမ်ထောင်စု ၂၄၇၂၆ စုနှင့် လူဦးရေ ၁၁၀၀၄၇ ဦးကို အကျိုးပြုလျက်ရှိသည်။ စီမံကိန်းလုပ်ငန်းများမှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိစေခြင်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းတို့ကို ခံစားရစေမည်ဖြစ်သည့်အပြင် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည်။ ထို့ကြောင့် "ကျေးလက်နေပြည်သူကိုလက်တွဲကူကာ ဖွံ့ဖြိုးမှုဆီ အရောက်ချီသည့်" ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကို ကျန်ရှိနေသည့် ကျေးရွာများတွင် တိုး၍ဖော်ဆောင် သွားရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦးသေဆုံးကာ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာ ကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ် ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင် ဂျာမေဗလီနှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်းသဘောထားများအသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုးစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ PDF အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရသည့်အတွက် ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ မေလ ၉ ရက်နေ့ ယနေ့နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ကြားသိရသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
**(၉.၅.၂၀၂၄)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားကြေညာချက် (၅/ ၂၀၂၄)

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ အရှေ့ဘက်ရှိဆုံရွာကျေးရွာအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အချို့က လူမဆန်စွာ လက်နက်ကြီး လက်နက်ငယ်များ အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာတွင်နေထိုင်လျက်ရှိသော ဒေသခံအပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုကို ပြုလုပ်ခဲ့သည့် မည်သည့်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ပြည်သူ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်အပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

၂၀၂၄ခုနှစ်မေလ၉ရက်နေ့ နံနက်ပိုင်းကမန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို PDF အကြမ်းဖက်သမားများက ကျေးရွာနေ ပြည်သူ ၃၂ ဦး(အမျိုးသား ၁၇၊ အမျိုးသမီး ၁၅ ဦး)ကို လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ထို့အပြင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ဦး ဒဏ်ရာရရှိသည်ဟုလည်း ထပ်မံသိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ၏ အသက်ကို ရက်ရက်စက်စက် လူစိတ်ကင်းမဲ့စွာ သတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မေ ၉ ရက်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး တို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ဝမ်းနည်းဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

အကြမ်းဖက်သမားများမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယနေ့နံနက်ပိုင်းက ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

PDF အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာရှိ အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း ဝမ်းနည်းစိတ်မကောင်းဖွယ် ကြားသိရပါသည်။

ယခုကဲ့သို့အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံအားကစား မီဒီယာအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

ယနေ့ မေလ ၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ ၃၂ ဦးသေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူနေရပ်ကွက်အတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာနေ ပြည်သူ ၃၂ ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ ကျေးရွာအတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် လုပ်ရပ်အပေါ် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ရာ ပြည်သူ ၃၂ ဦး သေဆုံးကာ ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိသည်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာသူ၊ ကျေးရွာသား ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး၍ အနိုင်ကျင့်ဗိုလ်ကျကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ ၂၀၂၄ ခုနှစ် မေ ၉ ရက် နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုအပေါ် သနန္တ ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၁။ PDF အကြမ်းဖက်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ အကြမ်းဖက်သမားများက လက်နက်အားကိုး၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ သတ်ဖြတ်ခြင်း၊ ကျေးရွာအတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေသည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် လက်နက်ကိုင် အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ PDF အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၅ ဦး တို့သေဆုံးခဲ့ပြီး၊ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။

၂။ ယင်းသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ မေလ ၉ ရက် ယနေ့နံနက်ပိုင်းက PDF အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်စာရင်းစစ်ချုပ်ရုံး RC နှစ်ထပ်အဆောက်အအုံ ရုံးသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်



**မော်လမြိုင် မေ ၉**

မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် စာရင်းစစ်ချုပ်ရုံး အဆောက်အအုံသစ် ပေ၁၀၀x၇၆ပေx၂၅ပေ) RCနှစ်ထပ်အဆောက်အအုံအား ဆောက်လုပ်ခွင့်ပြုခဲ့မှုကြောင့် မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးရှိ ဝန်ထမ်းများနှင့် ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် စာရင်းစစ်ရုံးရှိ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် Training for Trainers သင်တန်းများ ပို့ချခြင်း၊ Mini Data Center နှင့် Net Working ဆိုင်ရာ လုပ်ဆောင်ချက်များ လက်တွေ့အသုံးချပြီး IT နည်းပညာအသုံးပြု၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သင်တန်းဖွင့်လှစ်ပို့ချခြင်း၊ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအား Grade I, II သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ အခြေခံ/ အဆင့်မြင့်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အဆောက်အအုံနေရာ ကျယ်ဝန်းလာခြင်းကြောင့် သီးခြားကဏ္ဍများအလိုက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ဝန်ထမ်းများအတွက် များစွာအကျိုးကျေးဇူးများရရှိပြီး နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ရုံးအဆောက်အအုံသစ်အား လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးရီက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယ်ထမ၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးရီတို့က မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပြည်တွင်းလုပ်ငန်းရှင်များအကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်ရှိ မင်္ဂလာရိပ်သာအိမ်ရာစီမံကိန်း ရှင်လင်းဆောင်သို့ရောက်ရှိပြီး တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အိမ်ရာစီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အိမ်ရာစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အမြန်ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံပိုင်မြေပေါ်တွင် နိုင်ငံတော်ကိုယ်စား စီမံခန့်ခွဲခြင်းဖြစ်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းဧရိယာအတွင်း ကျူးကျော်မှုများ ဝင်ရောက်မှုမရှိစေရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများတွင် အကျိုးအမြတ်ခွဲဝေရာ၌ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အချိုးအတိုင်း အပြည့်အဝရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်ရှိ ၁၆ ခန်းတွဲ ၁၂ ထပ် ခေမာသီအိမ်ရာစီမံကိန်းနှင့် ရန်ကင်းမြို့နယ်ရှိ Yankin Mixed – Use အဆင့်မြင့် အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်း၌ ကျင်းပသည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code–2024) အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက Myanmar National Building Code–2020 နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ–၂၀၂၀ တို့ကို လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ Myanmar National Building Code–2024 နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ – ၂၀၂၄ အနေဖြင့် ထုတ်ဝေနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ရေး ဦးစီးကော်မတီနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော Cement၊ Deformed Bar၊ Bitumen တို့၏ MMS စံချိန်စံညွှန်းများအား ထည့်သွင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အာဆီယံတွင် ဆွေးနွေးနေဆဲဖြစ်သော Harmonized Standards များအား ထည့်သွင်းနိုင်ရေး ကြိုတင်လေ့လာဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်းဆွေးနွေးညှိနှိုင်းပြီး Myanmar National Building Code – 2024 အချိန်မီထွက်ရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်မြမြင့်က Myanmar National Building Code သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ သတင်းမီဒီယာ အတွေ့အကြုံဖလှယ်ရေး တွေ့ဆုံဆွေးနွေး



**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွေ့အကြုံဖလှယ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ ဆောင်ရွက်နေရသည့် လူ့အခွင့်အရေး အသိပညာဗဟုသုတမျှဝေခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာများကို ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ တာဝန်ထမ်းဆောင်ရာတွင် သတင်းမီဒီယာကဏ္ဍနှင့်စပ်လျဉ်းသည့် သိကောင်းစရာများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဖွင့်လှစ်ပို့ချသည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ အပြန်အလှန်ပို့ချဆွေးနွေးနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေပျော်စံပြကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးသော တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်

မြစ်ကြီးနား မေ ၉

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းနေပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်း ၂၀ မှ အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခဲ့သော ငွေပျော်စံပြကျေးရွာ၌ ရွှေ့ပြောင်းနေထိုင်ကြသည့် အိမ်ထောင်စုများအား မေ ၈ ရက် မွန်းလွဲ ၃ နာရီခွဲက ကျေးရွာခန်းမ၌ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့ခဲ့ကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် ဆန်အိတ် ၉၇ အိတ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆီ ၉၇ ဘူး၊ ကြက်ဥ ၉၇ ကတ်၊ ခေါက်ဆွဲခြောက် ၉၇ ဖာတို့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြောင်းရွှေ့စရိတ်အဖြစ် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် ၉၇၀၀၀၀၀၊ ဆန်ရိက္ခာ တစ်လစာဖိုးငွေကျပ် ၄၂၈၄၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ၉၇ ပုံးတို့အား မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်း ၁၃ ခုမှ ရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စု ၆၇ စု၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်း ခုနစ်ခု ရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စု ၃၀ လူဦးရေစုစုပေါင်း ၄၇၆ ဦးတို့အတွက် ပစ္စည်းနှင့် ငွေသားတန်ဖိုး စုစုပေါင်းငွေကျပ် ၃၀၀၂၅၄၇၂ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ရွှေ့ပြောင်းနေထိုင်ကြသည့် အိမ်ထောင်စုများက ရေ၊ လျှပ်စစ်မီးနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် မွေးမြူရေးနှင့် နေအိမ်ခြံဝင်းများအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်း ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သည့် တန်ဖိုးနည်း လုံးချင်းအိမ်ရာများတွင် ရွှေ့ပြောင်းနေထိုင်လျက်ရှိကြသည့် မိသားစုများ၏ နေအိမ်ခြံဝင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရွှေ့ပြောင်းနေထိုင်မှု အခြေအနေများနှင့် မိသားစုများ၏ လိုအပ်သည်များ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ချောင်းဆုံမြို့နယ်၌ ယာယီတိုက်ပွဲရှောင် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

ချောင်းဆုံ မေ ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဓမ္မသတ်ကျေးရွာမှ လာရောက်နေထိုင်ကြသည့် ယာယီတိုက်ပွဲရှောင် ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးနှင့် ကျိုက်မရောမြို့နယ် ဦးစီးမှူးရုံးတို့ ပူးပေါင်းကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီတွင် မုဒ္ဒန်းကျေးရွာ နတ်ရေတွင်း ဘုန်းတော်ကြီးကျောင်းနှင့် တောင်စွန်းကျေးရွာ သဒ္ဓမ္မဓဇ ဘုန်းတော်ကြီးကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ဓမ္မသတ်ကျေးရွာ ယာယီတိုက်ပွဲရှောင် ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျက်စီး၊ ပျောက်ဆုံး၊ အသစ်၊ လဲလှယ်လိုသူများကို ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း တစ်စောင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ကျိုက်မရော မေ ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ဓမ္မသတ်ကျေးရွာမှ မော်လမြိုင်မြို့သို့ ယာယီနေရပ်စွန့်ခွာ၍ ဘုန်းတော်ကြီးကျောင်းများတွင် သွားရောက် တည်းခိုနေထိုင်ကြသူများအား အဆိုပါ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မော်လမြိုင် ခရိုင်ဦးစီးမှူး ဦးသန်းအေး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ် ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ် ပြည့်ပြီးသူ ၁၂ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ နှစ်ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်ဆုံး /ပျက်စီး၊ မိတ္တူ ၁၅ ဦး စုစုပေါင်း ၂၉ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး အိမ်ထောင်စုရှစ်စုတို့အား အိမ်ထောင်စုလူဦးရေ စာရင်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

■

## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနား ကျင်းပ

ဇလွန် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၄ – ၂၀၂၅ ခုနှစ် မိုးရာသီမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော် )မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျုံခမွန်ကျေးရွာအုပ်စု တောင်သူဦးအောင်ခိုင်မိုး၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော် ) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်း ပိုမိုကောင်းမွန်စေရေး၊ မိုးစပါးကြဲခင်းများ ပပျောက်စေရေးနှင့် မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနိုင်ရေးကိစ္စများ ဆွေးနွေးပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက



ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးကောင်းမြို့နယ်၌ ဆီထွက်သီးနှံများ ရိတ်သိမ်း

မိုးကောင်း မေ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းကြိုင်းကျေးရွာရှိ အောင်ဇမ္ဗူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရယူ၍ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးမြေပေါ်တွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဧက ၁၀၀ နှင့် နေကြာဧက ၁၀၀ စိုက်ပျိုးခဲ့ရာ ယခုအခါတွင် မြေပဲတင်း ၇၀၀၀ ကျော်၊ နေကြာတင်း ၁၀၀၀ ကျော် ထွက်ရှိပြီးဖြစ်သည်။

**ဈေးကောင်းရရှိ**

ထွက်ရှိသည့် နေကြာနှင့် မြေပဲများ ဈေးကောင်းရရှိနေပြီး အသင်းမှထွက်ရှိလာသော ဆီထွက်သီးနှံများအားမြို့နယ်သမဝါယမအသင်းစုမှ ဒေသပေါက်ဈေးဖြင့် ဝယ်ယူသည့်အပြင် တောင်သူများအား တစ်တင်းလျှင် Refund ငွေကျပ် ၂၀၀ ပြန်လည်ပေးသွင်းခဲ့ပြီး သမဝါယမအသင်းစုပိုင် ဆီစက်ဖြင့် ကြိတ်ခွဲ၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းသားပြည်သူများသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် မေ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အလွယ်တကူ စစ်ကူ/ပစ်ကူ ရောက်ရှိရန် ကန့်သတ်ချက်ရှိသည့် အစွန်းအဖျား၊ ကျေးရွာ/ရပ်ကွက်အုပ်စုများသို့ အကြောက်တရားဖြစ်ပေါ်စေရေး၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်၊ စာသင်ကျောင်းနှင့် ဘာသာရေး အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက် မီတာ ၄၀၀၀ ခန့်အကွာရှိ ဆုံရွာကျေးရွာ ပြည်သူ့စစ်စခန်းအား ယနေ့နံနက်ပိုင်းတွင် ကျေးရွာ၏ တောင်ဘက်နှင့် အရှေ့တောင်ဘက်မှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာပြည်သူ့စစ်စခန်းအား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆုတ်ခွာစဉ် နီးစပ်ရာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်အလုံး၅၀ ခန့် မီးလောင်ပျက်စီးခဲ့သဖြင့် ကျေးရွာနှင့်အနီးဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ထိခိုက်ဒဏ်ရာရရှိသူများအား မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သမားများအား လိုက်လံချေမှုန်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။








မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




# ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၈ ရက်တွင် ဝင်ရောက်စီးနင်းပြီး ပြည်သူ နှစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ၂၀ ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ် ၁၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများက ကံသစ်ကျေးရွာအနီးတစ်ဝိုက်တွင် အခြေပြုလှုပ်ရှားဆောင်ရွက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မေ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းတစ်ခုအား တွေ့ရှိခဲ့ပြီး ဝင်ရောက်ရှင်းလင်းစဉ် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများမှ ကံသစ်ကျေးရွာရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့နောက် ယာယီတဲစခန်းအတွင်းမှ အကြမ်းဖက်သမား အလောင်းနှစ်လောင်း၊ လက်လုပ်သေနတ်ငါးလက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော်  မေ  ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လေးခန်းတွဲ ခြောက်ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော်  မေ  ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို ယနေ့နံနက်ပိုင်းက PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

**သွားရောက်တွေ့ဆုံ**

ထို့ပြင် ကျေးရွာအတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် အေးချမ်းစွာနေလိုသည့် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အလုံး ၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ကျေးရွာရှိ ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် ၃၄၆ သိန်းနှင့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ တို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ နှင့် ဆန် ၂၅ အိတ်၊ ဆီ ပိဿာ ၅၀၊ ပဲ ပိဿာ ၅၀၊ ဆား ၂၅ ပိဿာတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# ရွှေသွေးဂျာနယ်ထွက်ရှိ





**နေပြည်တော်  မေ  ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၁-၅-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၁၉)တွင် ဝက်ကလေးညိုညို၏ ရိုးသားမှုကြောင့် သူပိုင်ဆိုင်သည့်တောင်းကို ပြန်လည်ရရှိခဲ့သည့်အကြောင်း တင်ဆက်ထားသည့် "အမှန်တရားနဲ့ ရိုးသားခြင်း" မျက်နှာဖုံးကာတွန်း၊ သူတစ်ပါးကို ကူညီတတ်သော တိုးချစ်နှင့် တစ်ပါးသူ ဒုက္ခရောက်အောင် ဆောင်ရွက်လေ့ရှိသော မောင်တူး တို့အကြောင်း တင်ဆက်ထားသည့် "တိုးချစ်နှင့် မောင်တူး" နှစ်မျက်နှာကာတွန်း၊ ဖော်ပြထားသောရုပ်ပုံများထဲမှ တစ်ပုံတည်းပါသောပုံကို ရွေးချယ်ပေးစေလိုသည့် "ဉာဏ်စမ်း"ကဏ္ဍ၊ မြားပစ်ရာတွင် အလယ်ဗဟိုထိမှန်အောင် ဉာဏ်ဆင်ခဲ့သည့် 'ဘယ်သန်'အကြောင်း တင်ဆက်ထားသည့် "ဘယ်သန်ရဲ့ ပစ်မှတ်" တစ်မျက်နှာ ကာတွန်း၊ မိဘများ ယုံကြည်အားကိုးရသည့် သားတစ်ယောက်ဖြစ်စေချင်သည့်အကြောင်း တင်ဆက်ထားသည့် "အလေးထားပါ" နှစ်မျက်နှာကာတွန်း၊ တုတ်တစ်ချောင်းကို သူ့နေရာနှင့်သူ အသုံးချတတ်သည့် ထူးဇော်အကြောင်း တင်ဆက်ထားသည့် "စဉ်းစားဉာဏ်" နှစ်မျက်နှာကာတွန်း၊ "ပါးစပ်ထဲတွင် တစ်ခုခုငုံထားလျှင် ရေမသောက်သင့်ကြောင်း ဖခင်၏ အကြံပြုချက်အပေါ် ပြန်လည်မေးခွန်းထုတ်လိုက်သည့် ကလေးများအကြောင်း တင်ဆက်ထားသည့် "ဖိုးကောက်" မျက်နှာဝက်ကာတွန်း၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဆေးခြောက်နှင့် ဘိန်းဖြူတို့ကို အစမလုပ်မိစေရန်နှင့် ထိုအရာများသည် လူ့အတွက် အဆိပ်တွေသာဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ရှောင်လေအစ"ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်





**သံဖြူဇရပ်  မေ  ၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျိုက္ခမီမြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးသက်နိုင်ဝင်း၊ ကျိုက္ခမီမြို့မ ရဲစခန်းမှ ရဲအုပ်ဆန်းကိုကို၊ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရှိုင်းထက်အောင်၊ ကျိုက္ခမီမြို့ ကြက်ခြေနီတပ်ဖွဲ့မှ မြို့နယ် ဒု-ခွဲမှူး ဦးသန့်ဇင်ဦး တို့က ပင်လယ်ပြင် လုပ်ငန်းခွင် ကျွမ်းကျင်မှုရှိစေရေးအတွက် ပင်လယ်ပြင် လုပ်ငန်းခွင် ကျန်းမာရေး၊ အသက်အန္တရာယ်ကင်းရှင်းရေး၊ မျိုးသုဉ်းရှားပါး ရေနေသတ္တဝါ ထိန်းသိမ်းရေး၊ မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းဥပဒေ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်း အရာများကို သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ကျိုက္ခမီမြို့ ကမ်းဝေး၊ ကမ်းနီး ပင်လယ်ငါးဖမ်း ရေလုပ်သားသင်တန်းသား ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကို တစ်ရက်ကြာ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခုပဲ အခမဲ့ရယူလိုက်ပါ။ Google Play

Developed by ; In collaboration with ; Printed by ;
DRR Working Group Myanmar

၈

❖ MNL မှ

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက ငွေကြယ်ပွင့်အသင်းကို ကိုးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။

Dagon Port အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိသော်လည်း ဂိုးပြတ်ရလဒ်ရယူခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးများကို ၆၊ ၄၈ မိနစ်တွင် အေးမင်းသူ၊ ၂၂ မိနစ်တွင် ကောင်းမြတ်ကျော်၊ မိနစ် ၄၀ တွင် အောင်သူရ၊ ၄၅+၁ မိနစ်တွင် ရဲဝင်းလှိုင်၊ ၄၅+၃၊ ၇၇ မိနစ်တွင် ချစ်အေး၊ ၉၁ မိနစ်တွင် အံ့မော်ဦးနှင့် ၈၅ မိနစ်တွင် ထက်ကျော်လွင်တို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ၅၁ မိနစ်တွင် စိုးမင်းဦး သွင်းယူသည့်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး အုပ်စု (ဃ) ထိပ်ဆုံးနေရာ ရယူနိုင်ခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရက္ခပူရယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၆၃ မိနစ်တွင် စောမျိုးဇော်၊ ၉၀+၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ပြည့်စုံအောင်တို့က သွင်းယူခဲ့သည်။

အုပ်စု (ဂ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်းက ခြောက်ပွဲကစား ၁၂ မှတ်စီ၊ Dagon Port အသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ခုနစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု (ဃ) တွင် ရတနာပုံအသင်းက ခြောက်ပွဲကစား ၁၅ မှတ်၊ အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ၁၄ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား လေးမှတ်၊ ရက္ခပူရယူနိုက်တက်အသင်းက ခုနစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ Play-off အဆင့်တွင် ရှမ်းယူနိုက်တက်နှင့် ကာဆူကာ (ဘရူနိုင်း) တွေ့ဆုံ

ရန်ကုန် မေ ၉

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၉ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ခြေစစ်ပွဲ Play-off အဆင့်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် တွေ့ဆုံနေသည်။

ခြေစစ်ပွဲ Play-off အဆင့်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဘရူနိုင်းတို့မှ ကလပ်အသင်းတစ်သင်းစီ ယှဉ်ပြိုင်ခွင့်ရထားပြီး ဇူလိုင် ၁၇ ရက်နှင့် ၂၄ ရက်တွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မဲခွဲမှုအရ ခြေစစ်ပွဲအဆင့်တွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် ကာဆူကာ (ဘရူနိုင်း)၊ Svay Rieng (ကမ္ဘောဒီးယား) နှင့် Young Elephant (လာအို)တို့ တွေ့ဆုံနေပြီး အနိုင်ရသည့် နှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့်တွင် အုပ်စု (က) သို့ ကျရောက်မည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ တီရန်ဂါနူး (မလေးရှား)၊ မာကာဆာ (အင်ဒိုနီးရှား)၊ ဒေါင်အေထန်ဟွာ (ဗီယက်နမ်)၊ ခြေစစ်ပွဲအောင်နှစ်သင်း၊ အုပ်စု (ခ) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ကွာလာလမ်ပူစီးတီး (မလေးရှား)၊ ကောင်အန်ဟန်ဂွိုင်း (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ ကာယာ (ဖိလစ်ပိုင်) နှင့် Lion City Sailors (စင်ကာပူ) တို့ ပါဝင်နေသည်။ နောက်ဆုံးအဆင့် ပွဲစဉ်များကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် မေလအထိ ကျင်းပမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၃ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သဖြင့် ယခုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ယခုရာသီတွင် အာဆီယံကလပ်ပြိုင်ပွဲအပြင် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ကလပ်ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

○ ကျောဖုံးမှ

ယခုခရီးသွားရာသီကာလတွင် ပြီးခဲ့သည့်ခရီးသွားရာသီနှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုမှာ ပြန်လည်မြင့်တက်လာခဲ့ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

**သကြံန်ကာလအတွင်း ခရီးသွားရောက်မှုအများဆုံးဖြစ်**

မြန်မာနိုင်ငံတွင် ခရီးသွားရာသီဖြစ်သည့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ပွင့်လင်းရာသီကာလမှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှု ပြန်လည်များပြားခဲ့ကာ ပြည်တွင်းခရီးသွားလည်ပတ်မှုမှာ အောက်တိုဘာလအတွင်း မြင့်တက်ခဲ့ပြီး နိုဝင်ဘာလအတွင်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့သော်လည်း ဒီဇင်ဘာလ New Year ကာလတွင် ပြန်လည်မြင့်တက်ခဲ့သည်။ ၂၀၂၄ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင်လည်း ဆက်လက်များပြားခဲ့ပြီး သကြံန်ကာလအတွင်း ခရီးသွားရောက်မှုအများဆုံးဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူက ပြောသည်။

ယခုနှစ်ခရီးသွားရာသီကာလအတွင်း ခရီးသွားအများစုမှာ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကလော၊ ကျိုက်ထီးရိုး အစရှိသည့် နေရာဒေသများအပြင် ကမ်းခြေခရီးစဉ်များဖြစ်သည့် ချောင်းသာ၊ ငွေဆောင် ကမ်းခြေခရီးစဉ်နေရာအသစ်များသို့လည်း သွားရောက်လည်ပတ်မှုများခဲ့သည်။

ခရီးသွားရောက်မှုအမြင့်ဆုံးကာလဖြစ်ခဲ့သည့် ယခုနှစ်သကြံန်ကာလတွင် ချောင်းသာ၊ ငွေဆောင်ဒေသများသို့ ခရီးသွားလာမှုများခဲ့၍ ကြိုတင်စီစဉ်ထားသူများအနေဖြင့်သာ အခန်းရသော်လည်း အခန်းမရသူများအနေဖြင့် ကမ်းခြေအသစ်များနှင့် နေ့ချင်းပြန်ခရီးသွားခြင်းများ ရှိကြောင်း သိရသည်။

**MT**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)မာန်ပြေရပ်ကွက်၊ မာန်ပြေ(၄)လမ်းအရှေ့၊ အမှတ်(၉၃၂/ခ)၊ တစ်ခန်းတည်းRC(၆)ထပ်တိုက်မှဒုတိယထပ်(၃-လွှာ) ဧရိယာ(၉၇၂) စတုရန်းပေရှိတိုက်ခန်းနှင့်တကွရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူဒေါ်မာလာဝင်း[၁၂/ရပသ(နိုင်)၀၃၅၃၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးတင်ထူးအောင်[၁၂/အစန(နိုင်)၁၇၁၁၂၃]၊ ဒေါ်နှင်းသီတာလွင်[၁၂/ဒဂရ (နိုင်)၀၀၅၅၁၀]တို့မှအပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကဤ ကြေညာပါသည့်နေ့မှ(၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးတင်ထူးအောင်နှင့် ဒေါ်နှင်းသီတာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ပြည်နယ်ကုသရေးဦးစီးဌာနနှင့် အထွေထွေရောဂါကုဆေးရုံကြီး၊ ကျိုင်းတုံမြို့တို့၏ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောဆေးဝါးများအား ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စတင်ရောင်းချမည့်ရက်နှင့်အချိန် - ၁၃-၅-၂၀၂၄ (တနင်္လာနေ့)
တင်ဒါပိတ်ရက် - ၂၇-၅-၂၀၂၄ (တနင်္လာနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ကုသရေးဦးစီးဌာန (တောင်ကြီး) ဖုန်း- ၀၈၁- ၂၁၂၁၀၆၉၊ ၀၉-၂၅၀၆၇၈၅၃၀ နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုသရေးဦးစီးဌာန (ကျိုင်းတုံ) ဖုန်း-၀၈၄-၂၂၈၇၈ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကော်မတီ**

MARIE STOPES MYANMAR

MSM/T/24/002

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော မာရီစတုပ်မြန်မာ လူမှုရေးအဖွဲ့မှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

<u>လုပ်ငန်းအမျိုးအမည်</u>

(က) ဆေးကတ်ဘူး(ကြီး)ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် - ၁၅၀,၀၀၀)
(ခ) ဆေးကတ်ဘူး(သေး)ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် - ၃,၀၀၀,၀၀၀)
(ဂ) ဆေးသောက်ရန် အညွှန်းစာရွက်ပုံနှိပ်ခြင်း (အရေအတွက် - ၃,၀၀၀,၀၀၀)

<u>**စံနှုန်းသတ်မှတ်ချက်**</u>

(က) ပုံနှိပ်စက်သည် အနိမ့်ဆုံး (2-Units) စက်အမျိုးအစားဖြစ်ရမည်။
(ခ) လုပ်ငန်းလိုင်စင် မှတ်ပုံတင်ထားရှိသူ ဖြစ်ရမည်။

တင်ဒါလျှောက်လွှာပုံစံ၊စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကိုကြော်ငြာပါသည့်နေ့မှ (၁၇.၀၅.၂၀၂၄) ရက်နေ့အတွင်း မာရီစတုပ်မြန်မာရုံးတွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

<u>**တင်ဒါပိတ်မည့်ရက်/အချိန်**</u>-တင်ဒါလျှောက်လွှာများကို(၂၀-၀၅-၂၀၂၄)မှစတင်၍(၂၇-၀၅-၂၀၂၄)ရက်နေ့ (ညနေ ၃:၀၀) နောက်ဆုံးထားပြီး မာရီစတုပ်မြန်မာရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားရန်။

<u>**ဆက်သွယ်ရန်လိပ်စာ**</u> **(ရုံးချိန်အတွင်း)**

အမှတ်(၂၅/အေ-၈)၊အေးရိပ်သာ (၂) လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၅၆၀၈၂၈၄၅၊ ၀၉ ၄၄၅၇ ၇၆၅၇၇၊ ၀၉ ၄၄၉၀၀၁၆၈၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

